**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံစာရင်းကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၅

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၅ ခုနှစ် ၊ ဇွန်လ ၁၁ ရက်)

**နိုင်ငံခြားအဖွဲ့အစည်းများ၊ နိုင်ငံခြားသားများ နှင့် စာရင်းလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်သည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁/၉၄) ကို အစားထိုးမည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအသစ်အား ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့စွဲပါ ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ ဖြင့် ပြဋ္ဌာန်းလိုက်ပါသည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီသည် ယင်းမြန်မာနိုင်ငံစာရင်းကောင်စီဥပဒေသစ်အတွက် နည်းဥပဒေများပြုစုဆဲဖြစ်ပါသည်။

၃။ ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ မြန်မာနိုင်ငံသားလက်မှတ်ရပြည်သူ့စာရင်းကိုင်များကိုသာ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပါသည်။ နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသားများကို စာရင်းပညာနှင့်စပ်ဆိုင်သော လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုခြင်းမရှိသေးပါ။

၄။ ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ မြန်မာနိုင်ငံစာရင်းကောင်စီတွင် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားသူအချို့သည် နိုင်ငံခြားအဖွဲ့အစည်းများ၊ နိုင်ငံခြားသားများနှင့် ပုံစံအမျိုးမျိုးဖြင့်ပူးပေါင်း၍ စာရင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရပါသည်။ သာဓကအချို့ကို အောက်တွင်ဖော်ပြအပ်ပါသည် –

(က) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားလက်မှတ်ရပြည်သူ့စာရင်းကိုင်အချို့သည် နိုင်ငံခြားဥပဒေရေးရာ အကြံပေးအတိုင်ပင်ခံအဖွဲ့များ၊ နိုင်ငံခြားဘဏ္ဍာရေးအကြံပေးအတိုင်ပင်ခံအဖွဲ့များ၊ နိုင်ငံခြားစာရင်းကိုင်/စာရင်းစစ်အဖွဲ့များ၏ အကျိုးစီးပွားအတွက် လစာရယူ၍

သော်လည်းကောင်း သို့မဟုတ် အဘိုးစားနားအခကြေးငွေရယူ၍သော်လည်းကောင်း မြန်မာနိုင်ငံတွင် တည်ထောင်ထားသောကုမ္ပဏီများ၊ ရုံးခွဲများ၏ ဘဏ္ဍာရေးရှင်းတမ်းများတွင် စာရင်စစ်အနေဖြင့် လက်မှတ်ရေးထိုးခြင်း၊

(ခ) မြန်မာနိုင်ငံတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုး၍ လုပ်ငန်းများလာရောက်ဆောင်ရွက်နေသော NGO/INGO အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးရှင်းတမ်းများတွင် အများနှင့်သက်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ပိုင်ခွင့် မရှိသည့် နိုင်ငံတကာစာရင်းလုပ်ငန်းအဖွဲ့အစည်းအချို့က စာရင်းစစ်အဖြစ် လက်မှတ်ရေးထိုးခြင်း၊

(ဂ) ပြည်ပနိုင်ငံများရှိ မိခင်ကုမ္ပဏီများ၏ Consolidated Financial Statement များအား နိုင်ငံခြားစာရင်းစစ်အဖွဲ့များမှ စာရင်းစစ်ဆေးလက်မှတ်ရေးထိုးခွင့် ရှိသော်လည်း မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသော လက်အောက်ခံကုမ္ပဏီများ၊ ရုံးခွဲများ၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံတွင် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်း လုပ်ကိုင်ခွင့် (စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်) မရှိပဲ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ်အဖြစ်လက်မှတ်ရေးထိုးခြင်း၊

(ဃ) မြန်မာနိုင်ငံတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြား ကုမ္ပဏီရုံးခွဲ သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားပါရှိသည့် ကုမ္ပဏီ/လုပ်ငန်းများ အနေဖြင့် လုပ်ကိုင်ခွင့်/လုပ်ပိုင်ခွင့် မရှိသည့် စာရင်းပညာနှင့် စပ်ဆိုင်သော လုပ်ငန်းတစ်ရပ်ကို မြန်မာကုမ္ပဏီ သို့မဟုတ် မြန်မာနိုင်ငံသား အမည်ခံ၍ နိုင်ငံခြားအဖွဲ့အစည်း/ပုဂ္ဂိုလ်အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် အမည်ခံခြင်း၊

(င) နိုင်ငံသားပိုင်လုပ်ငန်းအနေဖြင့် နိုင်ငံခြားစာရင်းကိုင်/ စာရင်းစစ်/ ဘဏ္ဍာရေးနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်းအမည် သို့မဟုတ် အမှတ်တံဆိပ် (Logo, Trade Mark) အပြည့်အဝ/တချို့တဝက်ဖြင့် မှတ်ပုံတင်ပြီး ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသား လက်မှတ်ရပြည်သူ့ စာရင်းကိုင်များကို အသုံးချ၍ လုပ်ကိုင်ခွင့်/ လုပ်ပိုင်ခွင့်မရှိသည့် စာရင်းစစ် လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၅။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၁၄-၈-၁၉၉၆ ရက်စွဲပါ ညွှန်ကြားချက် ၁/၉၆ (ပူးတွဲ) ၏ အပိုဒ် ၇ (ဂ) တွင်လည်း အောက်ပါအတိုင်း ညွှန်ကြားထားပါသည် -

"ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီရုံးခွဲ သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားပါရှိသည့် ကုမ္ပဏီ/လုပ်ငန်း အနေဖြင့် လုပ်ကိုင်ခွင့်/လုပ်ပိုင်ခွင့်မရှိသည့် စာရင်းပညာနှင့်စပ်ဆိုင်သော လုပ်ငန်း တစ်ရပ်ရပ်ကို မိမိအမည်ခံ၍ နိုင်ငံခြားအဖွဲ့အစည်း/ပုဂ္ဂိုလ်အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် အမည်ခံခြင်းမပြုရ"။

၆။ သို့ပါ၍ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအသစ်နှင့်စပ်လျဉ်းသည့် နည်းဥပဒေများမထုတ်ပြန်သေးခင်စပ်ကြား မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေသစ်နှင့် မညီညွတ်သည့် လုပ်ဆောင်မှုများ၊ အထက်အပိုဒ် ၄ ပါ သာဓကများအပါအဝင်၊ အထက်အပိုဒ် ၅ ပါ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသော လုပ်ဆောင်မှုများကို ရပ်ဆိုင်းထားကြရန် ညွှန်ကြားလိုက်သည်။

ပူးတွဲ ၁/၉၆ ညွှန်ကြားချက် ရှက်ရေ (၄) ရွက်

ခင်စန်းဦး

အတွင်းရေးမှူး